ညောင်ပင်ဝိုင်းကျေးရွာ

အောင်လံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

(၂၀၁၉-၂၀၂၀)ခုဘဏ္ဍာရေးနှစ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ပင်ဝိုင်းကျေးရွာ၊ အောင်လံမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်။)

၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


၁။ စကားချီး ၃

၂။ ညောင်ပင်ဝိုင်းကျေးရွာသယံဇာတပြမြေပုံ၊အောင်လံမြို့နယ် ၅

၃။ တည်နေရာနှင့် ပထဝီအနေအထား ၆

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၅။ ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၇

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများ

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား/မရေးရာ


## နောက်ဆက်တွဲများ


နောက်ဆက်တွဲ (၁) – ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း ၁၁

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၂

နောက်ဆက်တွဲ (၃) – ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၅၉

နောက်ဆက်တွဲ (၄) – ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁) ၆၇

နောက်ဆက်တွဲ (၅) – ဦးစားပေးစီမံချက်အဆိုပြုလွှာ(၂) ၆၉

နောက်ဆက်တွဲ (၆) – ဦးစားပေးစီမံချက်အဆိုပြုလွှာ(၃) ၇၁

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ညောင်ပင်ဝိုင်းကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန် ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်း တွင်ပါဝင်သောလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို

အခြေအနေ ကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ပင်ဝိုင်းကျေးရွာ

အောင်လံမြို့နယ်

ဒီဇင်ဘာ လ ၊ ၂၀၁၉ ခုနှစ်။

# ညောင်ပင်ဝိုင်းကျေးရွာ သယံဇာတပြမြေပုံ



## ၃။ တည်နေရာနှင့် ပထဝီအနေအထား

ညောင်ပင်ဝိုင်းကျေးရွာသည် ညောင်ပင်ဝိုင်းအုပ်စုတွင်ပါဝင်ပြီး အောင်လံ-ကျောက်ပန်းတောင်းကျေးရွာနှင့် သမ္ဘူလလမ်းမကြီးနှင့်ဆက်သွယ်ထားသောရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာအတွင်း အရှေ့အနောက်လမ်း (၄)လမ်းနှင့် တောင် မြောက်လမ်းသွယ်(၁)လမ်း၊ ခါးဖြတ်လမ်းသွယ်ကလေးများနှင့် တည်ထားသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်း တည်ရှိပါ သည်။ ကျေးရွာ၏ အရှေ့မြောက်ဘက်၊ မြောက်ဘက်၊ တောင်ဘက်နှင့် အရှေ့ဘက်တို့တွင် ယာခင်း၊ လယ်ခင်းများရှိပါသည်။ ညောင်ပင်ဝိုင်းကျေးရွာသည် အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလနှင့် ဆက်သွယ်ထားပြီး ရာသီအရွေး အလွယ် တကူသွားလာဆက်သွယ်နိုင်ပါသည်။မိုးတွင်းကာလတွင် ရွာမှထွက်သောသီးနှံများကို ရောင်း ချရန် အောင်လံမြို့တို့ ကားဖြင့်သယ်ယူရောင်းချ ကြရပါသည်။ကျေးရွာတွင်း လမ်းများမှာ မြေသားလမ်း များဖြစ်ပါသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ဝါ နှင့်စပါးဖြစ်ပြီး ဆောင်းရာသီတွင် ဟင်းသီးဟင်းရွက်၊ ကြက်သွန်နီများ စိုက်ပျိုးကြပါသည်။

## ၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

အောင်လံမြို့နယ်၊ ညောင်ပင်ဝိုင်းအုပ်စု၊ ညောင်ပင်ဝိုင်းကျေးရွာသည် မြေဆီလွှာ အသင့်အတင့် ကောင်းမွန်၍ စပါးအထွက်နှုန်းမှာလည်း စားဝတ်နေရေးဖူလုံရုံမျှသာ ထွက်ရှိပါသည်။ အခြား သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ ဝါနှင့်ပဲတီစိမ်းတို့မှာလည်း အနည်းငယ်မျှသာ ထွက်ရှိပါသည်။ ရေတင်ပြီးဆောင်းရာသီတွင် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးကြပါသည်။ ညောင်ပင်ဝိုင်းကျေးရွာသည် စိမ့်စမ်းပတ်လည်ရှိသောကြောင့် ဆောင်းတွင်းအခါ အလွန်အေးသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ နွေရာသီတွင် အပူအအေးမျှတသည့် ရွာတစ်ရွာလည်းဖြစ်ပါသည်။ သဘာဝဆေးဘက်ဝင် အပင်များရှိသော်လည်း အသိပညာ ဗဟုသုတနည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှု အားနည်းပါးသည်။ ကျေးရွာတွင် နွားစာအတွက် စားကျက်တောင်ကုန်းမြေ အနည်းငယ်သာ ရှိပါသည်။

## ၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ဂေါပကအဖွဲ့၊ ဝတ်အသင်းအဖွဲ့၊ လူမှုရေးကဏ္ဍတွင်ပရဟိတအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ လူငယ်အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့ ၊ လမ်းကော်မတီအဖွဲ့၊ ရေပေးရေးအဖွဲ့၊ မီးလင်းရေးအဖွဲ့ စသည်တို့ဖြစ်ပါသည်။ ၎င်းအဖွဲ့များမှ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် အားတက်သရောပူးပေါင်း ဆောင်ရွက်လေ့ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေးကိစ္စများ ဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းမရှိပါ။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ညောင်ပင်ဝိုင်းကျေးရွာ၏အဓိကစီးပွားရေးမှာ တောင်/ယာလုပ်ငန်းများ လုပ်ကိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာမှထွက်ရှိသောသီးနှံများကို အောင်လံမြို့သို့သွားရောက် ရောင်းချကြပါသည်။ ယခုအခါကျေးရွာ၌ စိုက်ပျိုးသောသီးနှံများမှာ စပါး၊ နှမ်း၊ ပဲမျိုးစုံ၊ မြေပဲ၊ ဝါ၊ ပဲကြီးစသည်တို့ ဖြစ်ပါသည်။ ယခင်ခေတ်များတွင်သမရိုးကျ စိုက်ပျိုးခဲ့သည့်အတွက် သီးနှံအထွက်နှုန်း မကောင်းကြပါ။ ခေတ်မီတိုးတက် ပြောင်းလဲ လာသည့်အတွက် စိုက်နည်းမှန်စွာ စိုက်ပျိုးနိုင်လာပြီး သီးနှံအထွက်နှုန်း ကောင်းမွန်လာပါသည်။ အသက်မွေးဝမ်းကျောင်း အနေဖြင့် တောင်ယာလုပ်ကိုင်သူ လူတန်းစားနှင့် လက်လုပ်လက်စား လူတန်းစားများ ရှိပါသည်။ ကျေးရွာအတွင်းတွင် အိမ်ဆိုင်များနှင့် ရောင်းဝယ်ရေးလုပ်ကိုင်သည့် မိသားစုများ လည်းရှိပါသည်။

### (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာသူ/သားများအနေဖြင့် အနီးဆုံးဈေးကိုကျေးရွာနှင့်(၁၄)မိုင်ခန့်ကွာဝေးသည့် အောင်လံ မြို့ဈေးသို့လည်းကောင်း ၊အကြီးစားဈေးကွက်ကို ကျေးရွာနှင့်(၄၀)မိုင်ကွာ ဝေးသည့် ပြည်ဈေးသို့လည်း ကောင်းသွားရောက်ကြပါသည်။ ကျေးရွာတွင်းလမ်းများမှာ အရှည်(၁)မိုင်ခန့်ရှိပြီး မြေသားလမ်းအမျိုး အစားဖြစ်ပါသည်။ ရွာချင်းဆက်လမ်းမှာ လှည်းလမ်းသာသာဖြစ်ပြီး ရာသီမရွေးသွားလာ၍မရသဖြင့် မိုးရာသီသီးနှံပေါ်ချိန်များတွင် သီးနှံများတင်ပို့

ရောင်းချရန်နှင့် ကျောင်းသား/သူများမှာသွား လာရခက်ခဲပါသည်။ ရွာတွင်းလမ်းအချို့မှာ မိုးရာသီတွင် ရေအိုင်များနှင့် ချောင်းရေလျှံမှုများကြောင့် သွားလာရ ခက်ခဲပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားဆောင်ရွက်သည့် အတွက် နွားလှည်းကို အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးတွင် ကား ၊ဆိုင်ကယ်တို့ဖြင့် အဓိကအသုံးပြုကြပါသည်။ သတင်းအချက်အလက်များကို ရေဒီယို ၊တီဗွီ ၊စလောင်းများမှ အဓိကရယူသုံးစွဲကြပြီး ဖုန်းအသုံးပြုသူများသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်း အချက်အလက် လက်လှမ်းမီသည့် ကျေးရွာဖြစ်ပါသည်။

ကျေးရွာတွင်သောက်ရေအတွက် အဝီစိတွင်းများ(စက်တပ်)မှ လုံလောက်စွာ ရရှိပါသော်လည်း နွေရာသီကာလတွင် သုံးရေအခက်အခဲ အနည်းငယ်မျှရှိပါသည်။ ကျွဲ၊နွား တိရိစ္ဆာန်များအတွက် ဘုံပိုင်ရေတွင်းများနှင့် ချောင်းမှရရှိပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

လယ်ယာစိုက်ပျိုးရေးဘဏ်သည် သူကြီးခေတ်မှစတင်၍တည်ရှိခဲ့ပါသည်။ ပြည်သူ့ကောင်စီခေတ်တွင် ညောင်ပင်ဝိုင်းကျေးရွာမှဘဏ်ကော်မတီစတင်ခဲ့ပါသည်။ စိုက်ပျိုးရေးဘဏ်သည် သူကြီးခေတ်ကကျေးရွာသို့လာရောက်ချေးခဲ့ပါသည်။ ပြည်သူ့ကောင်စီခေတ်ရောက်မှ မြို့သို့သွားရောက်၍ချေးယူရပါသည်။ တစ်နှစ်ပြည့်လျှင် အကြေပေးချေကြသောစနစ် ဖြစ်သည့်အတွက် ကျေးရွာသူ/သားများအတွက် အဆင်ပြေပါသည်။ ကျေးရွာတွင် ယခုအခါ ပတ်မြန်မာရှိသော်လည်း တစ်ဦးလျှင်ကျပ်(၁၀၀၀၀၀)မျှသာ ထုတ်ချေးနိုင်ပါသည်။ စိုက်ပျိုးရေးဘဏ်မှ အတိုးနှုန်း ပြား (၈၀) ဖြင့် ဇွန် ၊ ဇူလိုင်လများတွင် ငွေထုတ်ချေးပေးသော်လည်း ပုံစံ(၇)တင်ပြနိုင်မှသာ ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေမရရှိခြင်း၊ ရွာတွင်း ငွေ ချေးပေးသူထံမှ တစ်လလျှင်အတိုး (၄/၅)နှုန်းဖြင့် ချေးငွေရရှိသော်လည်း ပိုင်ဆိုင်သည့် မြေကွက်၊ အထည်လက်ဝတ်လက်စားရွှေနှင့် သဘောတူစာချုပ်ချုပ်ဆိုရခြင်း ၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှကာလတိုချေးငွေ ရယူခြင်းများ ရှိပါသည်။

## (င) ပညာရေး

ညောင်ပင်ဝိုင်းကျေးရွာရှိ အခြေခံပညာရေးကျောင်းမှာ အထက်တန်းကျောင်းခွဲ ရှိပြီး အစိုးရခန့်ကျောင်းဆရာနှင့် သင်ကြားနေသော ရွာတစ်ရွာဖြစ်ပါသည်။ သို့သော် ဘွဲ့ရပညာတက်များမရှိခဲ့ပါ။ ယခုခေတ်တွင် ကျေးရွာ၌ ဘွဲ့ရပညာတတ်များရှိပြီး တက္ကသိုလ်တက်သောကျောင်းသား များလည်းရှိပါသည်။ ကျေးရွာတွင် အထက်တန်းခွဲ ရှိကျောင်းသားဦးရေမှာ (၃၇၃)ယောက်ခန့်ရှိပါ သည်။ အထက်တန်းကျောင်းခွဲတွင် ပညာသင်ကြားနေသော

ဆရာ/ ဆရာမဦးရေမှာ(၁၆)ယောက် ရှိပါသည်။ ကျေးရွာတွင် ပညာသင်ကြားနေသော ဆရာ/ ဆရာမဦးရေနှင့် ကျောင်းသူ/သားဦးရေတို့မှာ အသင့်အတင့်မျှတလျှက်ရှိပါ သည်။

## (စ) ကျန်းမာရေး

ကျန်းမာရေးအနေဖြင့် ညောင်ပင်ဝိုင်းကျေးရွာတွင် ယခင်ခေတ်အခါက ကျန်းမာရေး ချို့တဲ့သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ စက်ရေတွင်းရေတုံကင်နှင့် ရေတွင်းများပင် မတူး နိုင်ကြပါ။ ယခုအခါတွင် ရွာတွင်း၌ စက်ရေတွင်းတုံကင်များ တူးကြသောကြောင့် ကျေးရွာလူ ထု၏ ကျန်းမာရေးမှာလည်း တိုးတက်ခဲ့ပါသည်။ ကျန်းမာရေးဆရာ/မအဖွဲ့မှလည်း တစ်လ တစ်ကြိမ်ခန့် ကာကွယ်ဆေးများ လာရောက်ထိုးနှံပေးပါသည်။ ကျေးရွာအတွင်းတွင် ဆင်ခြေ ထောက်ကာကွယ်ဆေးများလည်း လာရောက်တိုက်ကျွေးကြပါသည်။ ကျန်းမာရေးဌာန ကာ ကွယ်ဆေးမျိုးစုံနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက်လည်း ကျန်းမာရေးဝန်ဆောင်မှု များ လာရောက်ပြုလုပ်ပေးပါသည်။ ကျန်းမာရေးအနေဖြင့် အရေးကြီးပါက တိုက်နယ်ဆေးခန်း၊ အောင်လံမြို့နယ်ဆေးရုံနှင့် ပြည်မြို့နယ်ဆေးရုံသို့လည်းကောင်း သွားရောက် ကုသကြရပါ သည်။

## (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ညောင်ပင်ဝိုင်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ် ပြီး လယ် (၂၅၀)ကော၊ ယာမြေ(၃၀၀)ကော၊ မြေလပ်(၂၅)ကေရှိပြီး တစ်ရွာလုံး၏ စုစုပေါင်းစိုက် ပျိုးမြေမှာ (၄၀၄)ကေရှိပါသည်။ ကျေးရွာ၏ အဓိက သက်မွေးလုပ်ငန်းမှာ တောင်သူလုပ်ငန်း ဖြစ်ပြီး အဓိကသီးနှံမှာနှမ်း ၊ ဝါ၊ ပဲတီစိမ်း၊မြေပဲ၊ကြက်သွန်နှင့် စပါးတို့ဖြစ်ပြီး မြေဆီလွှာမှာ အသင့်အတင့် သာကောင်းမွန်၍ စပါးအထွက်နှုန်းနှင့် အခြား သီးနှံအထွက်နှုန်းတို့မှာလည်း အနည်းငယ်သာ ထွက်ရှိပါသည်။

စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် လုပ်သားရှားပါးမှုနှင့် လုပ်အားခဈေးကြီးမှု တို့ ကြောင့် အခက်အခဲများရှိပြီး ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများကိုလည်း ပြင်ပအရောင်း ဆိုင်များမှ ဈေးကြီးပေး၍ ဝယ်ယူအသုံးပြုကြရပါသည်။

စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကအားထားရသောကြောင့် တောင်သူများမှာ ရာသီ ဥတုမမှန်ခြင်း၊ စိုက်ပျိုးရေလုံလောက်မှုမရှိခြင်းများ ကြုံတွေ့နေရပြီး စိုက်ပျိုးရေး အသိပညာ ဗဟုသုတနည်းပါးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်း၊ ချေးငွေမလုံလောက် ခြင်းနှင့် မျိုး ကောင်းမျိုးသန့် ဈေးနှုန်းကြီးမြင့်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း မကောင်း ခြင်းများလည်း ရှိနေပါသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းနှစ်စဉ် တွေ့ကြုံခံစားကြရပါသည်။ မိုးခေါင်ခြင်းကြောင့် တောင်သူများ၏ စိုက်ခင်းများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးရေး စရိတ်ကြီးမြင့်ခြင်းတို့ကို ခံစားရပါသည်။ လူ ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးသီးနှံများတွင် ရောဂါပိုးမွှား ကျရောက်မှုရှိပြီး ကြီးမားစွာဖြစ်ပေါ် ခြင်းမရှိပါ။

## (၉) ကျား – မ ရေးရာ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများမှာ (၂) ဆရှိပြီး အမျိုးသမီးမှာ (၁) ဆမျှသာ ပါဝင်ဆောင်ရွက်မှုရှိကြောင်း တွေ့ရှိရပါသည်။ မိသားစုအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ မှာ ၅၀% ပါဝင်မှုရှိသဖြင့် မျှတမှုရှိကြောင်း တွေ့ရပါသည်။ သို့သော် လုပ်အားခသတ်မှတ်ရာတွင် ကျား/မအလိုက် ခွဲခြားသတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။

## ၁၂။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်များ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|---|
| ၁ | မြေနီလမ်း | မြေနီလမ်းခင်းခြင်းလုပ်ငန်း | ၁ | ✔ | | | | |
| ၂ | လျှပ်စစ်မီး | လျှပ်စစ်မီးလင်းရေးလုပ်ငန်း | ၂ | | ✔ | | | |
| ၃ | ရွာတွင်းလမ်း | ကွန်ကရစ်ခင်းခြင်းလုပ်ငန်း | ၃ | | ✔ | | | |
| ၄ | စာကြည့်တိုက် | စာကြည့်တိုက်လုပ်ငန်း | ၄ | | | ✔ | | |
| ၅ | ဆေးပေးခန်း | ကျေးလက်ဆေးခန်းရရှိရေးလုပ်ငန်း | ၅ | | | ✔ | | |
| ၆ | မီးသတ်ရေကန် | မီးသတ်ရေကန်ရရှိရေးလုပ်ငန်း | ၆ | | | | ✔ | |
| ၇ | KGကျောင်းဆောင် | KGကျောင်းဆောင်ရရှိရေးလုပ်ငန်း | ၇ | | | | ✔ | |
| ၈ | အသက်မွေးဝမ်းကျောင်းသင်တန်း | အသက်မွေးဝမ်းကျောင်း သင်တန်းရရှိရေးလုပ်ငန်း | ၈ | | | | | ✔ |
| ၉ | ကျောင်းအားကစားကွင်း | ကျောင်း အားကစားကွင်းရရှိရေးလုပ်ငန်း | ၉ | | | | | ✔ |

## ၁။ ညောင်ပင်ဝိုင်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

| စဉ် | ကျေးရွာ | အမည် | တာဝန် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ညောင်ပင်ဝိုင်း | ဦးမြဝင်း | ဥက္ကဋ္ဌ | |
| ၂ | ညောင်ပင်ဝိုင်း | ဦးဝင်းဇော်ဌေး | အတွင်းရေးမှူး | |

| စဉ် | ကျေးရွာ | အမည် | တာဝန် | မှတ်ချက် |
|---|---|---|---|---|
| ၃ | ညောင်ပင်ဝိုင်း | ဦးဝင်းဇော်ဦး | ဘဏ္ဍာရေးမှူး | |
| ၄ | ညောင်ပင်ဝိုင်း | ဦးဝင်းနိုင်ဌေး | စာရင်းကိုင် | |
| ၅ | ညောင်ပင်ဝိုင်း | ဒေါ်စန်းစန်းထွေး | အဖွဲ့ဝင် | |
| ၆ | ညောင်ပင်ဝိုင်း | ဒေါ်မာမာဌေး | အဖွဲ့ဝင် | |
| ၇ | ညောင်ပင်ဝိုင်း | ဒေါ်မာမာအောင် | အဖွဲ့ဝင် | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၆ | ၁၃ | ၂၉ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက် ကလေးငယ် | ၄၅ | ၅၅ | ၁၀၀ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၉၅ | ၇၈ | ၁၇၃ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်း ကျောင်းသားအရွယ် | ၈၇ | ၈၇ | ၁၇၄ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၁၂ | ၅၂၂ | ၁၀၃၄ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၅၁ | ၆၀ | ၁၁၁ |
| **စုစုပေါင်း** | | **၈၀၆** | **၈၁၅** | **၁၆၂၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၆၇** | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏(**၆**%)မှာ နို့စို့အရွယ်၊ (**၂၁**%)မှာ ၅နှစ်အောက်က လေးများ၊ (**၃၇**%)မှာမူလတန်းကျောင်းသားအရွယ်များ၊ (**၃၇**%)မှာအလယ် တန်းကျောင်း သားအရွယ်၊ (**၂၂၁**%)မှာအလုပ်လုပ်နိုင်သည့်အရွယ်ဖြစ်ပြီး (**၂၃**%)မှာ သက် ကြီးရွယ်အိုများ ဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးရေးလုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၂၄ | ၂၀၀ | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | ၂၄၃ | ၃၈၆ | | မြင့်☐လတ်☑နိမ့်☐ |
| ၂ | **တိရစ္ဆာန်မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးဖမ်းလုပ်ငန်း(ရေချို/ရေငံငါး/ပုစွန်စသောရေသတ္တဝါများဖမ်းခြင်း၊မွေးမြူခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ် ထောင်စု | မိသား စုဝင် လုပ်အား | | |
| ၅ | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်ဓါတ်ငွေ့နှင့်ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၁၀ | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား/ ဝန်ထမ်း | ၂ | ၁၅ | | မြင့်☐လတ်☑နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ...)** | | | | |
| | ကိုယ်ပိုင်လုပ် | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ငန်း | | | | |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကားရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှု...)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁ | ၁ | | မြင့်☐လတ်☐နိမ့်☑ |
| ၁၅ | **အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁ | ၁ | | မြင့်☐လတ်☐နိမ့်☑ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၅ | ၆ | | မြင့်☐လတ်☐နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁ | ၁ | | မြင့်☐လတ်☐နိမ့်☑ |
| ၁၉ | **လူမှုရေးလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင်အငှားလိုက်လုပ်သူများနှင့်အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | ✕ |
| | အလုပ်သမား/ ဝန်ထမ်း | ၁၂၀ | ၂၄၅ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၅၀၀ | ၈၆၅ | | × |

**ရင်းမြစ် ... (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ "အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်များ"**အရေအတွက်တွင် "မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်းကောက်ယူခြင်းမပြုရပါ။ **"ရပ်တည်နိုင်မှု"**ဆိုမှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူ(သို့) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ညောင်ပင်ဝိုင်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အများဆုံး လုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူမှာ အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါ သည်။

**(ခ.၂) လုပ်ငန်းနှင့် ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို၊ ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်း ဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီ ယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမား အုပ်စု**

လေ့လာတွေ့ရှိချက်။ ။ညောင်ပင်ဝိုင်းကျေးရွာတွင် အမျိုးသားလုပ်အားခနှင့် အမျိုးသမီးလုပ်အားခအသင့်အတင့်မျှတလျှက်ရှိကြောင်းတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ.၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ(ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၅၀ | ကောင်း☐ သင့်☑ ညံ့☐ |
| ယာမြေ/တောင်ယာမြေ | ၃၀၀ | ကောင်း☐ သင့်☑ ညံ့☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း☐ သင့်☐ ညံ့☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း☐ သင့်☐ ညံ့☐ |
| ဓနိတောမြေ | - | ကောင်း☐ သင့်☐ ညံ့☐ |

| မြေအမျိုးအစား | ဧရိယာ(ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| စားကျက်မြေ | - | ကောင်း☐ သင့်☐ ညံ့☐ |
| မြေလွတ်မြေလပ် | ၂၅ | ကောင်း☐ သင့်☑ ညံ့☐ |
| **စုစုပေါင်း** | **၅၂၂** | **×** |

**ရင်းမြစ်…(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊(၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ညောင်ပင်ဝိုင်းကျေးရွာရှိ လယ်မြေနှင့် ယာမြေများမှာ အရည်အသွေးအသင့်အတင့် ရှိသည်ကို တွေ့ရပါသည်။

**(ဂ.၂) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင် တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓါတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်) | များ☐သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐သင့်☐ နည်း☑ မရှိ☐ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐ |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐သင့်☑ နည်း☐ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုး စိတ်များ | များ☐သင့်☐ နည်း☐ မရှိ☑ | × |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေ**

**အုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက် ။** ။ညောင်ပင်ဝိုင်းကျေးရွာတွင် အခြားသဘာဝရင်းမြစ်များ အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သောအိမ် ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ကေအထက် | ၅-၂ကေကြား | ၂ကေအောက် | မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် | တိုက်ခံ ပျဉ်ထောင် | သွပ်မိုး ထရံကာ | ဓနိမိုး ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | ထွန်စက်၊ကား နွားလှည်း | နွားလှည်း | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး ကိုယ်ပိုင် | စိုက်ပျိုးရေး နှင့်အခြား | စိုက်ပျိုးရေး လုပ်သား | နေ့စား |
| အိမ်ထောင်စု | ၁၂၀ | ၂၃၀ | ၆၃ | ၅၄ |

**ရင်းမြစ် ...ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။**ညောင်ပင်ဝိုင်း**ကျေးရွာ အနေဖြင့် အဆင်ပြေသောအိမ်ထောင်စုမှာ အနည်းငယ်သာရှိ၍ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ အသင့်အတင့်သာရှိပြီး မပြေလည် သောအိမ်ထောင်စုမှာ အများအပြားရှိပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င.၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာဓနအဆင့် ”၃”နှင့် ”၄”အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | ၁၉ | အခြားအစားအစာပြောင်းလဲစား=..........<br>အစာလျှော့စား =..........<br>အထောက်အပံ့ယူ =.........<br>ချေးယူ =....၁၀..... |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| | | လုပ်အားခကြိုယူ =....၉...... |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၁၆ | အခြားအစားအစာပြောင်းလဲစား=.........<br>အစာလျှော့စား =.........<br>အထောက်အပံ့ယူ =.........<br>ချေးယူ =...၁၀..<br>လုပ်အားခကြိုယူ =...၆.... |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | အခြားအစားအစာပြောင်းလဲစား=.........<br>အစာလျှော့စား =.........<br>အထောက်အပံ့ယူ =..........<br>ချေးယူ =..........<br>လုပ်အားခကြိုယူ =.......... |

**ရင်းမြစ် ... ဥစ္စာခနေအဆင့်"၃"နှင့်"၄"အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ဝမ်းစာဖူလုံမှုအနေဖြင့် ချေးငွေနှင့်လုပ်အားခကြို ယူကာဖြေရှင်းကြပါသည်။

**(င.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု<br>ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | ၁၀ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | ၁၀ | | |

**ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ညောင်ပင်ဝိုင်းကျေးရွာတွင် ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုနှင့်အခြားဒေသသို့သွားရောက်နေထိုင်လုပ်ကိုင်သည့်ဆင်းရဲသည့်အိမ်ထောင်စုများရှိကြောင်း တွေ့ရှိရပါသည်။

(င.၃) **ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား(၉)ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေး အစီအမံ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၃ | ရေကြီးခြင်း | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့်☐ လတ်☑ နိမ့်☐ မရှိ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့်☐ လတ်☐ နိမ့်☑ မရှိ☐ |
| ၆ | မုန်တိုင်း | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၇ | လျှော | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၈ | မီးဘေး | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၁ | သစ်တောပြုန်းတီးမှု | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့်☐ လတ်☐ နိမ့်☑ မရှိ☐ |
| ၁၃ | တီဘီရောဂါ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခြင်းစသည် | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |

**ရင်းမြစ်....ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ညောင်ပင်ဝိုင်းကျေးရွာတွင် အအေးလွန်ကဲခြင်းနှင့် ငှက်ဖျားရောဂါ ကျရောက်မှု အနည်းငယ်သာရှိပါသည်။

(၄.၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | မြင့်☐ လတ်☐ နိမ့်☑ မရှိ☐ |
| ၃ | ဆင်းရဲသားတောင်သူ | မြင့်☐ လတ်☐ နိမ့်☑ မရှိ☐ |
| | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးဆက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၆ | မတော်တဆဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့်☐ လတ်☐ နိမ့်☑ မရှိ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့်☐ လတ်☑ နိမ့်☐ မရှိ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | မြင့်☐ လတ်☐ နိမ့်☐ မရှိ☑ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့်☐ လတ်☑ နိမ့်☐ မရှိ☐ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | မြင့်☐ လတ်☐ နိမ့်☑ မရှိ☐ |

**ရင်းမြစ်....ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** **။ညောင်ပင်ဝိုင်း**ကျေးရွာတွင် လက်လုပ်လက်စားများ၊ ကျပန်းများနှင့် ရွှေ့ပြောင်းလုပ်သားများ ရှိပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

**(က.၁) ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံး တစ်ခုနှင့်အ ထက်ရွေးနိုင် သည်။) | စွမ်းဆောင် နိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေး ရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ပရဟိတ | ၁☐ ၂☑ ၃☐ | ၁၀ | ၁၀ | ၂၀ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☐ သင့်☑ ညံ့☐ |
| ၂ | လူငယ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၀ | ၁၁ | ၂၁ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☐ သင့်☑ ညံ့☐ |
| ၃ | ဝတ်အသင်း | ၁☐ ၂☑ ၃☐ | | ၁၅ | ၁၅ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ | ကောင်း☐ သင့်☑ ညံ့☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံး တစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေး ရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | |
| ၄ | မီးသတ် | ၁☐ ၂☑ ၃☐ | ၅ | | ၅ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐ သင့်☑ ညံ့☐ |
| ၅ | ရပ်မိရပ်ဖ | ၁☐ ၂☑ ၃☐ | ၅ | | ၅ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐ သင့်☑ ညံ့☐ |
| ၆ | မိဘဆရာ အသင်း | ၁☐ ၂☑ ၃☐ | ၄ | ၃ | ၇ | ပညာရေး☑ ငွေကြေး☐ ကျန်းမာရေး☐ | ကောင်း☐ သင့်☑ ညံ့☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံး တစ်ခုနှင့်အ ထက်ရွေးနိုင် သည်။) | စွမ်းဆောင် နိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေး ရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၇ | VDPကော်မတီအဖွဲ့ | ၁☐ ၂☑ ၃☐ | ၄ | ၃ | ၇ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☑ သင့်☐ ညံ့☐ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ –ဥပမာ–အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့၊**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ညောင်ပင်ဝိုင်းကျေးရွာတွင် အဖွဲ့အစည်းများစွာ ရှိပါသည်။ ၎င်းတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းများတွင် တက်ကြွစည်းလုံးစွာဆောင်ရွက် သည်ကိုတွေ့ရှိရပါသည်။

(က-၂)  ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | ၁☐ ၂☐ ၃☐ ၄☐<br>၅☐ ၆☑ ၇☐ | ပညာရေး☐ ငွေကြေး☑<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | ပက်(စ်)အဖွဲ့အစည်း | ၁☐ ၂☑ ၃☐ ၄☐<br>၅☐ ၆☐ ၇☐ | ပညာရေး☐ ငွေကြေး☑<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | သမဘဏ် | ၁☐ ၂☐ ၃☐ ၄☐<br>၅☐ ၆☐ ၇☑ | ပညာရေး☐ ငွေကြေး☑<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | စိုက်ဘဏ် | ၁☐ ၂☐ ၃☐ ၄☐<br>၅☐ ၆☐ ၇☑ | ပညာရေး☐ ငွေကြေး☑<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | | ၁☐ ၂☐ ၃☐ ၄☐<br>၅☐ ၆☐ ၇☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | | ၁☐ ၂☐ ၃☐ ၄☐<br>၅☐ ၆☐ ၇☐ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ |

**ရင်းမြစ်... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။**          ။ညောင်ပင်ဝိုင်းကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများအနေဖြင့် များစွာရှိကြောင်း တွေ့ရှိရပါသည်။

(ခ) **စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

(ခ.၁) **သီးနှံထုတ်လုပ်ရေး**

(၁) **စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေပိုင်ဆိုင်သည့်အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၀၀ | မြေယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၁၅၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ | ၉၀ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၈၈ | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | ၃၉ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုပေါင်း | | ၄၆၇ | |

**ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ညောင်ပင်ဝိုင်း**ကျေးရွာတွင် မြေယာမဲ့ များပြားပြီးတောင်သူကြီး လုပ်ကိုင်သူဦးရေ နည်းပါးပေမယ့် တစ်ရွာလုံးတန်းတူ တစ်နိုင်တစ်ပိုင် တောင်သူလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

**(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေ သောက် (ကေ) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်) |
| ၁ | ဆည် | မရှိ | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ☐မဖြေဆိုပါ☐ | ရှိ☐မရှိ☐ |
| ၂ | ရေလွှဲဆည် | မရှိ | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ☐မဖြေဆိုပါ☐ | ရှိ☐မရှိ☐ |

| စဉ် | အရင်းအမြစ် | ရေ သောက် (ကေ) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်) |
| ၃ | မြစ်ရေတင် စီမံကိန်း | မရှိ | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ☐မဖြေဆိုပါ☐ | ရှိ☐မရှိ☐ |
| ၄ | ရေသွင်း မြောင်း | မရှိ | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ☐မဖြေဆိုပါ☐ | ရှိ☐မရှိ☐ |
| ၅ | အဝီစိတွင်း | ရှိ | တစ်နှစ်ပတ်လုံး☑ရာသီအလိုက် ☐မဖြေဆိုပါ☐ | ရှိ☑မရှိ☐ |
| ၆ | လက်ငင်ရေ တွင်း | ရှိ | တစ်နှစ်ပတ်လုံး☑ရာသီအလိုက် ☐မဖြေဆိုပါ☐ | ရှိ☑မရှိ☐ |
| ၇ | စိမ့်စမ်းရေ | ရှိ | တစ်နှစ်ပတ်လုံး☑ရာသီအလိုက် ☐မဖြေဆိုပါ☐ | ရှိ☑မရှိ☐ |
| ၈ | ချောင်းရေ | ရှိ | တစ်နှစ်ပတ်လုံး☑ရာသီအလိုက် ☐မဖြေဆိုပါ☐ | ရှိ☑မရှိ☐ |

**ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဝီစိတွင်း၊ လက်ငင်ရေတွင်း၊ စိမ့်စမ်းရေနှင့် ချောင်းရေ တို့ရှိပြီးရေလုံလောက်မှုရှိသော်လည်း နွေရာသီတွင်ရေလုံလောက်မှုမရှိကြောင်းတွေ့ရပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| နှမ်း | ၄၀ | တင်း | ၁၀ | ၃၀ | ၂၀ | က ဆုန် | နယုန် | မြင့်☐လတ် ☑ နိမ့်☐ | မြင့်☐လတ် ☑နိမ့်☐ |
| မြေပဲ | ၅၀ | တင်း | ၂၀ | ၄၀ | ၃၅ | ဝါဆို | ဝါခေါင် | မြင့်☑လတ် ☐ နိမ့်☐ | မြင့်☐လတ် ☑ နိမ့်☐ |
| ပြောင်း | ၃၀ | တင်း | ၂၀ | ၃၅ | ၂၅ | ဝါဆို | ဝါခေါင် | မြင့်☐လတ် ☑နိမ့်☐ | မြင့်☐လတ် ☑ နိမ့်☐ |
| ကုလားပဲ | ၂၀ | တင်း | ၁၀ | ၂၀ | ၁၅ | တန်ဆောင် | နတ်တော် | မြင့်☐လတ် ☑နိမ့်☐ | မြင့်☐လတ် ☑ နိမ့်☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သီးနှံများ၏အထွက်နှုန်းသည် ပျမ်းမျှအနေအထား တွင်ရှိသည်ကိုတွေ့ရှိရပါသည်။ သွင်းအားစုနှင့်အမြတ်မှာလည်းအသင့်အတင့်တွင်ရှိပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၅ | | | ၃၅၉ |
| လက်တွန်းထွန်စက် | ၁ | | | |
| အစေ့ချကိရိယာ | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | |

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် |
|---|---|---|---|---|
| ရိတ်သိမ်းစက် | | | | |
| ခြွေလှေ့စက် | ၁ | | | ၄၀၀ |
| ရေစုပ်စက် | ၅၀ | | | ၂၀၀ |
| ခြေနင်းရေတင်စက် | | | | |
| မြက်ရိတ်စက် | ၁ | | | ၅၀ |

**ရင်းမြစ်….　(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။**　　　။ကျေးရွာတွင် ထွန်စက်(၅)စီး၊ လက်တွန်းထွန်စက်(၁)စီးနှင့် ရေစုပ်စက်(၅၀)ရှိသည်ကိုတွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအ ချက်များရှိပါက “မဖြေဆိုပါ”ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ☐　အသင့်အတင့်ရှိ☑ |
| ဈေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ရသည်☑ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐သီးနှံမျိုးစေ့များဝယ်ယူနိုင်သည် ☑ |
| သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်း | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအ ချက်များရှိပါက "မဖြေဆိုပါ"ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| အားစုများ | |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑ |
| လုပ်သားရရှိနိုင်မှု | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑ |
| နည်းပညာဝန်ဆောင်မှုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐သီးနှံများကိုရောင်းချနိုင်သည် ☑ |

**ရင်းမြစ်…(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးစေရန်အတွက် ဖော်ပြပါအခွင့်အလမ်းများကို သင့်တင့်စွာရရှိပါသည်။

(၆) **သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုဆသောအချက်များရှိပါက "မဖြေဆိုပါ"ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည်☐လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☑ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☑ |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလို အပ်ဟုဆသောအချက်များရှိပါက "မဖြေဆိုပါ"ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| သဘာဝမြေဆွေး/အော်ဂဲနစ်မြေသြဇာ နှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန် ဆောင်မှုများ | အလွယ်တကူမရနိုင်☑  လုံးဝမရ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☑သီးနှံများကိုရောင်းချရန်ဈေး ကွက်မရှိပါ☐ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑<br>အနည်းငယ်☐ |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။သီးနှံထုတ်လုပ်မှုအတွက် ဖော်ပြပါပြဿနာနှင့် အခက်အခဲ များ ကြုံတွေ့ရပြီး အခွင့်အလမ်းများ အလွယ်တကူ မရှိနိုင်ပါ။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၂၅၀ | ၄၀၀ |
| နို့စားနွား | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၃ | ၁၀၀ |
| သိုး | - | - |
| ဝက် | ၂၀ | ၂၀ |
| ကြက်(ဥစားကြက်) | ၈၉ | ၁၂၁၀ |
| ဘဲ | - | - |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သည့်အတွက် နွားများ ကို အဓိကထားမွေးမြူကြပါသည်။ စီးပွားဖြစ် ဥစားကြက်မွေးမြူသော အိမ်ထောင်စုလည်းရှိကြောင်း တွေ့ရှိရပါသည်။

(၂) **မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ**

**ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်) |
|---|---|
| မွေးမြူရေး | |
| စားကျက်မြေ | ပေါများ☐အသင့်အတင့်☑ |
| ရေရရှိမှု | အလုံအလောက်ရနိုင်☑အသင့်အတင့်ရနိုင်☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်) |
|---|---|
| မျိုးတိရစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူနိုင်☐<br>မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူနိုင်☑ |
| ချေးငွေ | ချေးငွေလွယ်ကူရနိုင်☐ ချေးငွေအသင့်အတင့်ရနိုင် ☑ |
| သွင်းအားစု<br>(မွေးမြူရေးအစာ၊ဆေးစသည်)<br>ဈေးကွက် | သွင်းအားစုများလွယ်ကူးဝယ်ယူနိုင်သည်☐<br>သွင်းအားစုများဝယ်ယူနိုင်သည် ☑ |
| ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည် ☑ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကို ရောင်းချနိုင်သည်☑ |
| အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု | အလုံအလောက်ရှိသည်☐အသင့်အတင်ရှိသည့်☑ |
| ငါးလုပ်ငန်း | |
| ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား | အလွန်ကောင်း☐ကောင်း☐အသင့်အတင်မျှတ☐ |
| ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု | လိုသလောက်လွယ်ကူစွာဝယ်ယူနိုင်သည်☐<br>ဝယ်ယူနိုင်သည် ☐ |
| ချေးငွေ | လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်☐<br>ချေးငွေရနိုင်သည် ☐ |
| သွင်းအားစုလက်လှမ်းမီမှု | သွင်းအားစုများလွယ်ကူးဝယ်ယူနိုင်သည်☐<br>သွင်းအားစုများဝယ်ယူနိုင်သည် ☐ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည် ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ထုတ်ကုန်များကိုရောင်းချနိုင်သည်☐ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | လွယ်ကူသည်☐အသင့်အတင့်လွယ်ကူသည့်☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်) |
|---|---|
| ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်) | ထိခိုက်သည်☐မထိခိုက်ပါ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း တိုးတက်စေရန်အတွက် လိုအပ်သော အခွင့်အလမ်းများ အပြည့်အဝမရရှိပါ။

**(၃) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ**

**ဇယား(၂၁)မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်) |
|---|---|
| မွေးမြူရေး | |
| စားကျက်မြေ | စားကျက်မြေရှားပါးသည်☑ စားကျက်မြေ လုံးဝမရှိပါ☐ |
| ရေရရှိမှု | ရေရှားပါသည်☐ရေလုံးဝမရပါ☐ |
| မျိုးတိရစ္ဆာန်လက်လှမ်းမီးမှု | မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူမရနိုင်ပါ☑မျိုးကောင်းတိရစ္ဆာန်များလုံးဝဝယ်ယူမရနိုင်ပါ☐ |
| ချေးငွေ | လိုသလောက်လွယ်ကူစွာချေးငွေမရပါ☑လုံးဝချေးငွေမရနိုင်ပါ ☐ |
| သွင်းအားစု (မွေးမြူရေးအစာ၊ ဆေးစသည်) ဈေးကွက် | သွင်းအားစုများလွယ်ကူးစွာဝယ်ယူမရပါ☑ သွင်းအားစုများဝယ်ယူမရပါ ☐ |
| ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရနိုင်ပါ ☑နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများမရနိုင်ပါ ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်သည်☑ထုတ်ကုန်များကိုလုံးဝမရောင်းချနိုင်သည်☐ |
| အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု | အလုံအလောက်မရှိပါ☑လုံးဝမရှိပါ☐ |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်) |
|---|---|
| ငါးလုပ်ငန်း | |
| ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား | ရေမြေအနေအထားမကောင်းပါ☐ |
| ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု | လိုသလောက်လွယ်ကူစွာဝယ်ယူမရပါ☐ လုံးဝဝယ်ယူမရပါ ☐ |
| ချေးငွေ | လိုသလောက်လွယ်ကူစွာချေးငွေမရပါ☐လုံးဝချေးငွေမရနိုင်ပါ ☐ |
| သွင်းအားစုလက်လှမ်းမီမှု | သွင်းအားစုများလွယ်ကူးစွာဝယ်ယူမရပါ☐<br>သွင်းအားစုများဝယ်ယူမရပါ ☐ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရနိုင်ပါ☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများမရနိုင်ပါ ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐ထုတ်ကုန်များကိုလုံးဝမရောင်းချနိုင်ပါ☐ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | မလွယ်ကူပါ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။ (၂) မြို့နယ်မွေး/ကုဦးစီး ဌာန။ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။မွေးမြူရေးလုပ်ငန်းတိုးတက်စေရန်အတွက် လိုအပ်သောအခွင့်အလမ်းများအပြည့်အဝမရရှိသေးသည့်အပြင် ပြဿနာနှင့်အခက်အခဲများလည်းရှိပါသည်။

**(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းကဏ္ဍ**

**(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ**

**ဇယား(၂၂)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၂နှင့်၂၃ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်)။ |
|---|---|
| လုပ်သားအင်အားရရှိနိုင်မှု | များ☐အသင့်အတင့်☑ |
| လယ်ယာသားငါးထွက်ကုန်မဟုတ်သောအခြား | ဈေးကွက်ကောင်းရှိသည်☐ဈေးကွက်အ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၂နှင့်၂၃ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်)။ |
|---|---|
| ဒေသထွက်ကုန်များကိုရောင်းချရန်ဈေးကွက်ရှိခြင်း | သင့်အတင့်☑ |
| ဈေးကွက်ဆိုင်ရာအသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကိုကောင်းစွာနားလည်သိရှိသည်☐အသင့်အတင့်နားလည်းသည်☑ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ကောင်း☑သင့်☐ |
| ကုန်ကြမ်းရရှိနိုင်ခြင်း | ပေါများ☐သင့်☑ |
| လျှပ်စစ်မီးရရှိနိုင်ခြင်း | ကောင်း☐ သင့်☐ |
| ချေးငွေရရှိနိုင်ခြင်း | လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်☐ချေးငွေရနိုင်သည်☑ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့်အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုရရှိခြင်း | နည်းပညာနှင့်အသေးစား/အလတ်စားစီးပွားရေးစီးပွားရေးဖွံ့ဖြိုးတိုတက်မှုဆိုင်ရာဝန် ဆောင်မှုများအလွယ်တကူရနိုင်သည် ☐ နည်းပညာနှင့်အသေးစား/အလတ်စားစီးပွားရေးစီးပွားရေးဖွံ့ဖြိုးတိုတက်မှုဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်☐ |
| အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော(သို့မဟုတ်)အသက်မွေးဝမ်းကျောင်းပြုနိုင်သောပညာတစ်ခုခုကိုတက်မြောက်ခြင်း | ကျွမ်းကျင်စွာတက်မြောက်သည်☐<br>အသင့်အတင့်☑ |
| အလုပ်အကိုင်အခွင့်အလမ်း | များ☐အသင့်အတင့်☑ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု။(၂)မြို့နယ်မွေး/ကုဦးစီးဌာန။ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများပြည့်စုံလုံလောက်စွာ မရရှိသေးပါ။

**(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ**

**ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ**

